မည်သို့ပါဝင်ဆောင်ရွက်နိုင်သနည်း

- သစ်ပင်တစ်ပင်စိုက်ပျိုးပါ။ သင့်ခြံထဲတွင် စိုက်ပျိုးရန် သစ်ပင်တစ်ပင် ရယူပါ သို့မဟုတ် လမ်းပေါ်တွင် သစ်ပင်တစ်ပင်စိုက်ပျိုးရန် တောင်းဆိုပါ။
- စေတနာ့ဝန်ထမ်းလုပ်ပါ။
- သင့်ရပ်ရွာဝန်းကျင်အတွင်း ကျွန်ုပ်တို့နှင့် ပူးပေါင်းလုပ်ဆောင်ပါ

မေးခွန်းမေးစရာရှိပါသလား။ သင့်အိမ်အနီးဝန်းကျင်ရှိ စီမံကိန်းတစ်ခုတွင် ကျွန်ုပ်တို့နှင့်အတူ လုပ်ဆောင်လိုပါသလား။ info@treephilly.org သို့ အီးမေးလ်ပို့ပါ သို့မဟုတ် 215-683-0217 သို့ ခေါ်ဆိုပါ

Philly သစ်ပင်အစီအမံကို ဖတ်ရှုပါ

ပိုမိုလေ့လာစုံစမ်းပါ
TreePhilly.org
ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ

info@treephilly.org

215-683-0217

ကျွန်ုပ်တို့ကို ဖော်လိုလုပ်ပါ
@treephilly

စိုက်ပျိုးပါ။

ရှင်သန်အောင် ပြုစုပါ။

အောင်မြင်မှုကို ဂုဏ်ပြုဆင်နွှဲပါ။

TreePhilly

PHILADELPHIA PARKS & RECREATION

FAIRMOUNT PARK CONSERVANCY

ကျွန်ုပ်တို့သည် မည်သို့သော အဖွဲ့အစည်းဖြစ်သနည်း-

TreePhilly သည် Fairmount ပန်းခြံထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်းပြုလုပ်သော Philadelphia ပန်းခြံနှင့် အပန်းဖြေဌာန၏ အစီအစဉ်တစ်ရပ်ဖြစ်သည်။ Philadelphia တွင် နေထိုင်သူများကို သစ်ပင်များစိုက်ပျိုးခြင်း၊ ဂရုစိုက်ထိန်းသိမ်းခြင်းနှင့် ချိတ်ဆက်ခံစားခြင်းအားဖြင့် ၎င်းတို့၏အိမ်အနီးဝန်းကျင်အတွင်း သက်ရှိသတ္တဝါများ စုံလင်အောင်ပြုလုပ်ရန် ကျွန်ုပ်တို့က အားပေးတိုက်တွန်းပါသည်။ ကျွန်ုပ်တို့သည် အရင်းအမြစ်များနှင့် အသိပညာပေးမှုများကို ပံ့ပိုးပေးခြင်း၊ အိမ်နီးချင်းများ၊ အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့နေထိုင်သည့် မြေရာတို့အကြား ဆက်နွယ်မှုများ ပိုမို ကောင်းမွန်မြင့်မားစေရန် မြှင့်တင်ပေးခြင်းအားဖြင့် မြို့အတွင်း မညီမညာနှင့် လျော့ကျလာနေသော သစ်ပင်ဖုံးအုပ်လွှမ်းခြုံမှု အနေအထားကို ပြောင်းပြန်လှန်နိုင်ရန် ဆောင်ရွက်နေပါသည်။

သစ်ပင်တစ်ပင်ကို မည်သို့ရရှိနိုင်သနည်း-

သင့်ခြံအတွင်း စိုက်ပျိုးရန်သစ်ပင်တစ်ပင်ကို အခမဲ့ရယူပါ။

သင့်အိမ်ရှေ့ရှိ ပလက်ဖောင်းပေါ်တွင် "လမ်းဘေးသစ်ပင်" တစ်ပင် စိုက်ပျိုးပါ။

ကျွန်ုပ်တို့ မည်သည်ကို လုပ်ဆောင်သနည်း-

-မြို့တစ်ဝန်းလုံးတွင် ကျန်းမာရေးနှင့်ပိုမိုညီညွတ်ပြီး စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်အခြေအနေများကို တည်ဆောက်ရန် Philly လူမှုအသိုက်အဝန်း အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သည်။

-လူမှုအသိုက်အဝန်းတွင်း မိတ်ဖက်များအတွက် ၎င်းတို့၏အိမ်အနီးဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းများ ဆောင်ရွက်ရန် ချေးငွေများ ထောက်ပံ့သည်။

-လူမှုအသိုက်အဝန်းတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် စီးပွားဖြစ် တည်ဆောက်ထားသော စကြံ့ခိုင်များတွင် သစ်ပင်များစိုက်ပျိုးပြီး ထိန်းသိမ်းစောင့်ရှောက်သည်။

-လူမှုအသိုက်အဝန်း အဖွဲ့ဝင်များအတွက် မိမိတို့၏ခြံများအတွင်း စိုက်ပျိုးနိုင်စေရန် သစ်ပင်များအခမဲ့ပေးအပ်သည့် Community Yard Tree အခမဲ့ လက်ဆောင်အစီအစဉ်များ ဆောင်ရွက်သည်။

-PHA ပြည်သူ့အိမ်ရာ စီမံကိန်းတွင် နေထိုင်သူများနှင့် အတူလုပ်ဆောင်ပြီး ၎င်းတို့၏အိမ်အနီးဝန်းကျင်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားစိမ်းလန်းစိုပြည်ရေး စီမံကိန်းများကို စီမံဆောင်ရွက်လျက် ပါဝင်လုပ်ဆောင်သည်။